"ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်"

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုပွန်နှံလှူဒါန်းရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၇/၂၀၂၃)

အမှတ်စဉ် (၇/၂၀၂၃) http://www.nugmyanmar.org ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ တိုင်းရင်းသားပြည်သူများအကြား ပျက်ယွင်းခဲ့သည့်ယုံကြည်မှုကို တည်ဆောက်ယူရန် အချိန်အခါကောင်း တရပ်ဖြစ်ကြောင်း ယာယီသမ္မတပြောကြား



လက်ရှိအချိန်သည် အာဏာရှင်စနစ်နှင့် မဟာလူမျိုးကြီးဝါဒကြောင့် တိုင်းရင်းသားပြည်သူများအကြားမှာ ပျက် ယွင်းခဲ့သည့် ယုံကြည်မှုကို တည်ဆောက်ယူရန် အချိန်အခါကောင်းတရပ်ဖြစ်ကြောင်း၊ အချိန်တိုအတွင်း အောင်မြင်မှုများ စွမ်းဆောင်လာနိုင်ခြင်းမှာ တိုင်းရင်းသား ပြည်သူအပေါင်း၏ ညီညွတ်မှု နှင့် အာဏာရှင်စနစ်ကို ပြတ်သားစွာ လက်မခံ မလိုလားမှုကြောင့် ဖြစ်ကြောင်း တဆက်တည်းတွင် နိုင်ငံတကာ အစိုးရအနေဖြင့် NUG အစိုးရအား တရားဝင်အစိုးရတရပ်အဖြစ် လက်ခံအသိ အမှတ်ပြုလာရန် ကြိုးပမ်းဆောင် ရွက်နေပြီး တော်လှန်ရေးအင်အားစုများနှင့် လက်တွေ့ကျကျ လက်တွဲဆောင်ရွက်မှုများကို အားထုတ်နေကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက ဖေဖော်ဝါရီ (၇) ရက် အမျိုးသားညီညွတ်ရေးအစိုးရ (၅) ကြိမ်မြောက် အစိုးရအဖွဲ့ အစည်းဝေးတွင်ပြောကြားခဲ့သည်။ https://bit.ly/3JZqMWM

ကာကွယ်ရေးဝန်ကြီးဌာန

၂။ အကြမ်းဖက်စစ်ကောင်စီမှာ နယ်မြေများကိုလည်း ထိန်းချုပ်နိုင်စွမ်းမရှိတော့ဟု NUG ကာကွယ်ရေး ဝန်ကြီးပြောကြား

အကြမ်းဖက်စစ်ကောင်စီမှာ ပြည်သူလူထုကို ကိုယ်စားမပြုသကဲ့သို့ နယ်မြေများကိုလည်း ထိန်းချုပ်နိုင် စွမ်း မရှိတော့ဟု အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရည်မွန်က ဖေဖော်ဝါရီ ၂ ရက်တွင် အဆာဟိရှင်ဘွန်းသတင်းစာ (Asahi Shimbun) နှင့် အင်တာဗျူး၌ ပြောကြားခဲ့သည်။

"ကျွန်တော်အပါအဝင် NUG ဝန်ကြီး အများအပြားဟာ မြန်မာပြည် နယ်စပ်ဒေသများမှာပဲ ရှိနေကြပါတယ်။ အဆင့်ဆင့်သော နယ်မြေဒေသအလိုက် တာဝန်ရှိသူများကလည်း သက်ဆိုင်ရာ ဒေသတွင်းမှာပဲ သူတို့ရဲ့ တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်နေကြပါတယ်။စစ်တပ် ဟာ မြန်မာပြည်သူလူထုကို ကိုယ်စားမပြုသလို နယ်မြေတွေကိုလည်း ထိန်းချုပ်စိုးမိုးနိုင်မှု မရှိတော့ပါဘူး" ဟု ပြည်ထောင်စုဝန်ကြီးကပြောကြားခဲ့သည်။ https://bit.ly/3DZHCBo

စာမျက်နှာ (၂) သို့

စာမျက်နှာ (၂) မှ

တရားရေးဝန်ကြီးဌာန

၃။ အာဏာသိမ်းဖြစ်စဉ်အတွင်း ဖြစ်ပွားနေသည့် ပြစ်မှုကျူးလွန်မှုနှင့် သတင်းများကို Ministry of Justice သို့ ပေးပို့ကြရန်ဖိတ်ခေါ်

စစ်အာဏာသိမ်းမှုဖြစ်စဉ်အတွင်း ဖြစ်ပွားနေသည့်စစ်ရာဇဝတ်မှုများ လူ့အခွင့်အရေးချိုးဖောက်မှုများ လူသား မျိုးနွယ်စုအပေါ်ကျူးလွန်သည့်အမှုများ လူမျိုးတုံးသတ် ဖြတ်မှုများ အပါအဝင် တခြားဥပဒေဆိုင်ရာ ချိုး ဖောက်မှုများကို စာရင်းကောက်ယူ မှတ်တမ်းပြုစုနေကြောင်း၊ ပြည်သူလူထု၊ တော်လှန်ရေးအစုအဖွဲ့အပြင် တခြားအဖွဲ့အစည်းများအနေဖြင့် အာဏာသိမ်းဖြစ်စဉ်အတွင်း ဖြစ်ပွားနေသည့် ပြစ်မှုကျူးလွန်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှု သတင်းအချက်အလက် မှတ်တမ်းများကို ပေးပို့ကြ၍ပူးပေါင်းပါဝင်ပေးကြရန် အမျိုးသားညီညွတ်ရေးအစိုးရ တရားဥပဒေစိုးမိုးရေးနှင့် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာဦးစီးဌာနက တိုက်တွန်းထားသည်။

https://bit.ly/3Xj0IJf



အလုပ်သမားဝန်ကြီးဌာန

၄။ အလုပ်သမားအခွင့်အရေးချိုးဖောက်လျက်ရှိသည့် အေဂျင်စီများအားလုံးကို ပြင်းပြင်းထန်ထန်အရေးယူ မည်ဟု NUG အသိပေးထုတ်ပြန်

၂၀၂၂ ခုနှစ် ၁၂ လပိုင်း ၁၉ ရက်နေ့တွင် မြန်မာအေဂျင်စီ JMK ကုမ္ပဏီနှင့် ထိုင်းနိုင်ငံအေဂျင်စီ Project Managing Engineering Corp., Ltd. တို့မှစေလွှတ်လိုက်သည့် MOU အလုပ်သမား (၁၀) ဦးအား အလုပ်ရှင်မှ စာချုပ်ပါ အလုပ်အကိုင်မဟုတ်သည့် ဆောက်လုပ်ရေးအလုပ်နှင့် ဆီအုန်းခြံတွင်အလုပ်ခိုင်းသည့်ကိစ္စနှင့် ပတ်သက်ပြီး အဆိုပါအလုပ်သမား (၁၀) ဦးသည် စာချုပ်နှင့်မကိုက်ညီသည့် အလုပ်ဖြစ်သည့်အတွက် ၎င်းအ လုပ်တွင်ဆက်လက် မလုပ်ကိုင်လိုတော့ပါကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ အလုပ်သမား ဝန်ကြီးဌာန၊ ပြည်ပအလုပ်အကိုင် စီမံခန့်ခွဲရေးဦးစီးဌာနလက်အောက်ရှိ (ဘန်ကောက်ရုံးခွဲ) တာဝန်ခံထံ အကူညီတောင်းခံကြောင်း၊ ၂၀၂၃ ခုနှစ် ၁ လပိုင်း ၃၀ ရက်နေ့တွင် ၎င်းအလုပ်သမား (၁၀) ဦးအတွက် လုပ်အားခ၏ ၇၅ ရာခိုင်နှုန်းဖြင့် အလုပ်သမားများအလုပ်မဆင်းရသည့်ရက်ပေါင်း (၂၄) ရက်အတွက် တစ်ဦးလျှင်ဘတ် (၆၀၀၀) စုစုပေါင်းဘတ် (၆၀၀၀၀) နှင့်အလုပ်ပြောင်းရွှေ့ခွင့်စာရရှိအောင် ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အလုပ်သမားအခွင့်အရေးချိုးဖောက်လျက်ရှိသည့် အေဂျင်စီများအားလုံးကို ပြင်းပြင်းထန်ထန်အရေးယူ သွားမည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ အလုပ်သမားဝန်ကြီးဌာနက ဖေဖော်ဝါရီ ၅ ရက်တွင် အသိပေး ထုတ်ပြန်ခဲ့သည်။

https://bit.ly/3DZHGB8

ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

၅။ ခင်ဦးမြို့နယ်၌ ရပ်ကျေးပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များနှင့် ရပ်ကျေးပြည်သူ့ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်း ဆောင်ရွက်

ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၇ ရက်နေ့အတွင်း ကျေးရွာ (၁)ရွာတွင် ကျေးရွာပြည်သူ့အုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာ(၂)ရွာတွင် ကျေးရွာပြည်သူ့အုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာပြည်သူ့ကာကွယ်ရေးအဖွဲ့များကို ဖွဲ့ စည်းခဲ့ရာ ရပ်ကျေးအဆင့်ကျေးရွာပြည်သူ့အုပ်ချုပ်ရေးဖွဲ့စည်းမှု (၁၀၆)ရွာမြောက် နှင့် ရပ်ကျေးအဆင့် ကျေးရွာပြည်သူ့ကာကွယ်ရေးဖွဲ့စည်းမှု (၁၁၆)ရွာမြောက်အထိဖွဲ့စည်းနိုင်ခဲ့ပြီး ဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန် ကြီးဌာနက ဖေဖော်ဝါရီ ၈ ရက်တွင် ဖော်ပြထားသည်။

https://bit.ly/3YpNvQe

နိုင်ငံခြားရေးဝန်ကြီးဌာန

၆။ မြန်မာနိုင်ငံတွင် ကလေးငယ် ၅ ဒသမ ၆ သန်းမှာ လူသားချင်းစာနာထောက်ထားမှုအကူအညီများလိုအပ် နေကြောင်း သံအမတ်ကြီး ဦးကျော်မိုးထွန်းပြောကြား

OCHA ၏ အစီရင်ခံစာများအရ မြန်မာနိုင်ငံတွင် ကလေးငယ် ၅ ဒသမ ၆ သန်းမှာ စားနပ်ရိက္ခာ မလုံ လောက်မှု၊ သန့်ရှင်းသော သောက်ရေ သုံးရေ၊ ကာကွယ်ဆေးနှင့် ပညာသင်ကြားမှုတို့ကို အကန့်အသတ် ဖြင့်သာရရှိသောကြောင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများလိုအပ်နေကြောင်း ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်မိုးထွန်း ကဖေဖော်ဝါရီ ၇ ရက်တွင် ၂၀၂၃ ခုနှစ်အတွက် UNICEF Executive Board ၏ ပထမအကြိမ် ပုံမှန်အစည်းအဝေး၌ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရှိ အချို့ကလေးများသည် စစ်တပ်မှ လေယာဉ်ဖြင့် ဗုံးကြဲမှု၊ လက်နက်ကြီးဖြင့် ပစ်ခတ်ခံရမှုမှ ရှောင်ရှားနိုင်ရန် ဗုံးခိုကျင်းများ၌ စာသင်ကြားရသည့် အခြေအနေမျိုး စိတ်မကောင်းစွာ ရောက်ရှိနေကြောင်း၊ စာသင်ကျောင်းများနှင့် ကလေးငယ်များသည် တိုက်ခိုက်မှုများ၏ ပစ်မှတ်လုံးဝမဖြစ်ရကြောင်းသံ အမတ်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

https://bit.ly/3xhVeUO

ပညာရေးဝန်ကြီးဌာန

၇။ Online ကျောင်း ၁၅ ခုကို "ကြားကာလအခြေခံပညာ ပြည်သူ့ပညာရေးကျောင်း" အဖြစ် အသိအမှတ်ပြုကြောင်း NUG ထုတ်ပြန်ကြေညာ

ပြည်သူ့ပညာရေးကျောင်း အသိအမှတ်ပြုမူဝါဒ (၁၁)ချက်နှင့် Information and Technology Security Guideline များကို လိုက်နာဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုထားသည့် Online ကျောင်း ၂၅ ခုကို "ကြားကာလအခြေခံပညာ ပြည်သူ့ပညာရေးကျောင်း" အဖြစ် အသိအမှတ်ပြုကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၄ ရက်တွင် ထုတ်ပြန်ကြေ ညာခဲ့သည်။

https://bit.ly/3YGzDAP

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

၈။ ဒီပဲယင်းကွဲကျေးရွာအတွင်း ဆရာတော် (၁) ဦးအပါအဝင် (၄)ဦး သတ်ဖြတ် ခံရပြီး နေအိမ်များ မီးရှို့ခံရ

အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ဖွင့်လှစ်သော ဆရာအတတ်ပညာသင်တန်းဖြစ်ပြီး ပထမအကြိမ်အဖြစ် သင်တန်းအပတ်စဉ် (၁) မှ (၇) အထိ ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ကြောင်း၊ ယခု ဒုတိယအကြိမ်တွင် အပတ်စဉ် (၄) ခု ဖွင့်လှစ်မည် ဖြစ်ပြီး၊ အပတ်စဉ် တစ်ခုစီတွင် သင်တန်းသား (၂၅၀) ဦးကို လက်ခံပို့ချပေးမည်ဖြစ်ကာ အပတ်စဉ်တစ်ခုစီ၏ သင်တန်းကာလမှာ (၃) လ ဖြစ်ကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

https://bit.ly/3wX34Da